# Highlights from DVB Debate's Social Media and Elections

# Aug 22, 2015

# "Will Social Media have impacts on the Elections?"

"ပါတီတွေအနေနဲ့ ရွေးကောက်ပွဲကော်မရှင်ကနေ ချပြထားတဲ့ Code of Conduct ကို ကျောရိုးထားပြီးတော့ပဲ ဆိုရှယ်မီဒီယာကနေ ကမ်ပိန်းလုပ်သင့်တယ်။ မဟုတ်ရင်တော့ အချင်းချင်းကြားမှာ မလိုလားအပ်တဲ့ ပြဿနာတွေဖြစ်လာနိုင်တယ်"

ဆလိုင်းအောင်မင်းလှိုင် - အရှိုချင်းအမျိုးသားပါတီ အထွေအထွေအတွင်းရေးမှူး

---

"ဆိုရှယ်မီဒီယာနဲ့ပတ်သက်တဲ့ မူဂါဒရယ်လို့ တိတိကျကျ သတ်မှတ်ထားတာတော့မရှိသေးဘူး။ ကျနော်တို့ပါတီ CEC တွေကိုယ်တိုင်မှာက ဖေ့ဂကျော်တွေဆိုတော့ ဒါတွေနဲ့ သိပ်အကျွမ်းမဝင်တာလည်း ပါတယ်"

ဦးလှဆွေ - အမျိုးသားလွှတ်တော်ကိုယ်စားလှယ်(ပြည်ထောင်စုကြံ့ခိုင်ရေးနဲ့ဖွံ့ဖြိုးရေးပါတီ)

---

"ဆိုရှယ်မီဒီယာတွေကနေ ရွေးကောက်ပွဲကမ်ပိန်းအတွက် လှုံ့ဆော်ဖို့က ထိရောက်တယ် ဒါပေမယ့် မကျယ်ပြန့်သေးဘူး။ ဒီတော့ ရွေးကောက်ပွဲနဲ့ပတ်သက်လို့ မှားတာတွေကို ဆိုရှယ်မီဒီယာကနေ ထောက်ပြလို့ရတယ်၊ စည်းရုံးရေးလုပ်လို့ရမယ်၊ နောက် ရွေးကောက်ပွဲနေ့မှာ မဲရုံနားမှာ စောင့်ကြည့်ရေးလူငယ်တွေလွှတ်ထားမယ်ဗျာ သူတို့ကနေ ဆိုရှယ်မီဒီယာတွေပေါ် တိုက်ရိုက် မဲဘယ်လောက် ဘယ်လောက်ရနေပြီဆိုပြီး တိုက်ရိုက်တင်မယ်၊ သုံးလို့ရမယ်"

နိုင်ဥဿ - တသီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်လောင်း

---

"ဆိုရှယ်မီဒီယာက သတင်းမှားမှု၊ မှန်မှုတွေက ဝေခွဲရခက်တယ်။ ပါတီတွေအနေနဲ့လုပ်သင့်တာက ကိုယ့်ပါတီကိုယ်စားပြု မားမားမတ်မတ် တခုဖွင့်ပြီး လှုပ်ရှားဆောင်ရွက်ရင် ပိုထိရောက်မယ်"

ကိုထွဋ်နှ - ပရိသတ်တဦး

---

"ကျနော်တို့ဆီမှာ Digital literacy လိုတယ်၊ ရွေးကောက်ပွဲအကြိုကာလမှာဆိုရင် ပုဂ္ဂိုလ်ရေးအရဖြစ်ဖြစ် ပါတီကိုပဲဖြစ်ဖြစ် တိုက်ခိုက်တာတွေ မမှန်သတင်းဖြန့်တာတွေလဲ ပိုများလာနိုင်တယ်"

မိုက်ကယ် - Phandeeyar အရပ်ဖက်အဖွဲ့အစည်းများဆိုင်ရာပရိုဂရမ်မန်နေဂျာ

---

“ရွေးကောက်ပွဲမဲဆွယ်ဖို့ ဆိုရှယ်မီဒီယာချည်းပဲလဲ မရဘူး။ အမေရိကန်သမ္မတ အိုဘားမားမဲဆွယ်တုန်းက သူက ရွေးကောက်ပွဲကို စိတ်မဝင်စားတဲ့ဒေသကလူတွေဆီ တိုက်ရိုက်သွားတွေ့တယ် သူတို့ဆီက ဖုန်းနံပါတ်တွေယူပြီး တပတ်တခါ သူ့ပါတီ လှုပ်ရှားမှုတွေကို မက်ဆေ့ချ်ပို့ပေးတယ် ဒီလို လူထုနဲ့တိုက်ရိုက်ထိတွေ့တဲ့ နည်းလမ်းလဲ လိုတယ်”

ဂိုင်းဆန်းထောင် - နာဂကျောင်းသားလူငယ်များဖက်ဒရေးရှင်း

---

“ကျနော်ကတော့ ဆိုရှယ်မီဒီယာ အထူးသဖြင့် Facebook ကို ပိုသုံးဖြစ်တာက သူ့မှာက အခုကိုယ့်မှာပေါ်လာတဲ့ စိတ်ကူးကို အခုရေး အခုတင်လို့ရတယ်၊ မိနစ်ပိုင်းအတွင်း လူထုဆီက တုံ့ပြန်မှုချက်ချင်းရတယ် ထိရောက်တယ်။ ကျနော် စာရေးပြီး ဂျာနယ်တိုက်ကို ပို့ရင် အနည်းလေး ၂ ရက်လောက်ကြာမယ်လေ”

ဦးလှဆွေ - အမျိုးသားလွှတ်တော်ကိုယ်စားလှယ်(ပြည်ထောင်စုကြံ့ခိုင်ရေးနဲ့ဖွံ့ဖြိုးရေးပါတီ)

---